ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မန္တလေးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ
ကာကွယ်ထိန်းသိမ်းရေးကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်)

မန္တလေးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၂ နှင့် ၅၃၊ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသည့်အဆောက်အအုံများကို ပြန်လည်ပြင်ဆင်စေခြင်း၊ ဖျက်သိမ်းစေခြင်းများ ပြုနိုင်ရန်အလို့ငှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်–

**“သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသည့် အဆောက်အအုံများကို**
**ပြန်လည်ပြင်ဆင်စေခြင်း၊ ဖျက်သိမ်းစေခြင်းဆိုင်ရာ အမိန့်”**

၁။ ဤအမိန့်တွင်ပါရှိသော **“ဥပဒေ”**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကိုဆိုသည်။

၂။ ဥပဒေမပြဋ္ဌာန်းမီက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောက်လုပ်ထားသော အဆောက်အအုံနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ရှေးဟောင်းအဆောက်အအုံနှင့်မလွတ်ကင်းခြင်း၊ မြေအောက်ရှေးဟောင်းအမွေအနှစ်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းကို ထိခိုက်ပျက်စီးစေခြင်းများကို ဖြစ်ပေါ်စေပါကထိုသို့ ဆောက်လုပ်သူနှင့် ဆောင်ရွက်သူများသည်–

(က) ဆောက်လုပ်ထားသောအဆောက်အအုံ သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းကို ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက်ဆောင်ရွက်ပြီး ထိုဆန်းစစ်ချက်ပါ လိုက်နာရမည့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) အပိုဒ်ခွဲ(က)ပါ လိုက်နာရမည့်သတ်မှတ်ချက်များသည် အဆောက်အအုံကို ပြင်ဆင်ရန်ကိစ္စဖြစ်ပါက အောက်တွင်သတ်မှတ်ထားသည့်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ရမည်–

(၁) ကျပ်သိန်း ၁၀၀၀ အောက်တန်ဖိုးရှိသည့်အဆောက်အအုံဖြစ်ပါက နှစ်လအတွင်း၊

(၂) ကျပ်သိန်း ၁၀၀၀ မှ ကျပ်သိန်း ၅၀၀၀ အောက် တန်ဖိုးရှိသည့် အဆောက်အအုံ ဖြစ်ပါက ခြောက်လအတွင်း၊

(၃) ကျပ်သိန်း ၅၀၀၀ မှ ကျပ်သိန်း ၁၀၀၀၀ အောက် တန်ဖိုးရှိသည့် အဆောက်အအုံ ဖြစ်ပါက ၁၂ လအတွင်း၊

(၄) ကျပ်သိန်း ၁၀၀၀၀ မှ ကျပ်သိန်း ၅၀၀၀၀ အောက် တန်ဖိုးရှိသည့် အဆောက်အအုံဖြစ်ပါက ၁၅ လ အတွင်း၊

(၅) ကျပ်သိန်း ၅၀၀၀၀ နှင့်အထက် တန်ဖိုးရှိသည့်အဆောက်အအုံဖြစ်ပါက ၁၈ လအတွင်း။

၃။ မည်သူမဆို အပိုဒ် ၂ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၄၈ ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည်။

၄။ ဥပဒေပုဒ်မ ၄၈၊ ပုဒ်မခွဲ(ဂ)ပါ အမိန့်ကိုချမှတ်ရမည့်ကိစ္စရပ်တွင် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုလည်း တစ်ပါတည်းချမှတ်ရမည်-

(က) ဆောက်လုပ်ထားသော အဆောက်အအုံ သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းသည် ရှေးဟောင်းအဆောက်အအုံကိုလည်းကောင်း၊ မြေအောက်ရှေးဟောင်းအမွေအနှစ်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းကိုလည်းကောင်း တိုး၍ထိခိုက်ပျက်စီးမှုဖြစ်စေပါက အောက်ပါသတ်မှတ်ထားသည့်ကာလအတွင်း ဖျက်သိမ်းစေရမည်-

(၁) ကျပ်သိန်း ၁၀၀၀ အောက်တန်ဖိုးရှိသည့်အဆောက်အအုံဖြစ်ပါက သုံးလအတွင်း၊

(၂) ကျပ်သိန်း ၁၀၀၀ မှ ကျပ်သိန်း ၅၀၀၀ အောက် တန်ဖိုးရှိသည့် အဆောက်အအုံဖြစ်ပါက ကိုးလ အတွင်း၊

(၃) ကျပ်သိန်း ၅၀၀၀ မှ ကျပ်သိန်း ၁၀၀၀၀ အောက် တန်ဖိုးရှိသည့် အဆောက်အအုံ ဖြစ်ပါက ၁၂ လ အတွင်း၊

(၄) ကျပ်သိန်း ၁၀၀၀၀ မှ ကျပ်သိန်း ၅၀၀၀၀ အောက် တန်ဖိုးရှိသည့် အဆောက်အအုံဖြစ်ပါက ၁၈ လ အတွင်း၊

(၅) ကျပ်သိန်း၅၀၀၀၀နှင့်အထက် တန်ဖိုးရှိသည့်အဆောက်အအုံဖြစ်ပါက၂၄ လအတွင်း။

(ခ) ဆောက်လုပ်ထားသော အဆောက်အအုံ သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းသည် ရှေးဟောင်းအဆောက်အအုံကိုလည်းကောင်း၊ မြေအောက်ရှေးဟောင်းအမွေအနှစ်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းကိုလည်းကောင်း တို့၏ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေပါက (၁၀)နှစ်အထိကာလတစ်ခုခုကို သတ်မှတ်ပေး၍ ဖျက်သိမ်းစေရမည်။

(ဇော်မြင့်မောင်)

ဥက္ကဋ္ဌ

မန္တလေးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ

ကာကွယ်ထိန်းသိမ်းရေးကော်မတီ

စာအမှတ်၊ ၀၆၇ / ပ - ယဉ်မွေနှစ် / ၂၀၂၀

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
(မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၂)တွင် ထည့်သွင်းဖော်ပြရန်ပေးပို့ပါသည်)
အနုပညာဦးစီးဌာန
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(အပိုမိတ္တူ ၅ စောင်)
ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်
ခရိုင်အုပ်ချုပ်ရေးမှူး၊ ပခုက္ကူခရိုင်

အမိန့်အရ-

( မြတ်သူ )
ဒုတိယဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ
ကာကွယ်ထိန်းသိမ်းရေးကော်မတီ